## အမေရိကန်ပြည်ထောင်စု နိုင်ငံတကာ ဘာသာရေး လွတ်လပ်ခွင့် ကော်မရှင်၏ ၂၀၀၉ ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာ အကျဉ်းချုပ်

၁၉၉၈ ခုနှစ် နိုင်ငံတကာ ဘာသာရေး လွတ်လပ်ခွင့် ဥပဒေ (IRFA) အရ ဖွဲ့စည်းခဲ့သော အမေရိကန်ပြည်ထောင်စု နိုင်ငံတကာ ဘာသာရေး လွတ်လပ်ခွင့် ကော်မရှင် (USCIRF သို့မဟုတ် ကော်မရှင်) သည် သီးခြားလွတ်လပ်သော ပါတီနှစ်ခုပါဝင်သည့် အမေရိကန်အစိုးရ ကော်မရှင်ဖြစ်သည်။ ၎င်းသည် နိုင်ငံရပ်ခြားတွင် ကမ္ဘာ့လူအခွင့်အရေးကြေငြာစာတမ်းနှင့် အခြားနိုင်ငံတကာ စာချုပ်စာတမ်းများတွင် ပြဋ္ဌာန်းထားသည့် ဘာသာရေး သို့မဟုတ် ယုံကြည်မှု အခွင့်အရေး ချိုးဖောက်မှုများကို စောင့်ကြည့်မှတ်သားပြီး သမ္မတ၊ နိုင်ငံခြားရေးဝန်ကြီးနှင့် ကွန်ဂရက်လွှတ်တော်တို့သို့ သီးခြားလွတ်လပ်သော မူဝါဒရေးရာ အကြံပြုမှုများကို ပေးသည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနမှ သီးခြားဖြစ်သည့် ဤကော်မရှင်ကို အဖွဲ့ဝင် ၁၀ ဦးဖြင့် ဖွဲ့စည်းထားသည်။ ကော်မရှင်ကို အဖွဲ့ဝင် သုံးဦးကို သမ္မတက ခန့်အပ်ပြီး ခြောက်ဦးကို ဥပဒေပြုလွှတ်တော် ခေါင်းဆောင်များက ခန့်အပ်သည်။ IRFA ကပင် ဖန်တီးသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ရာထူးတစ်ခုဖြစ်သည့် နိုင်ငံတကာ ဘာသာရေး လွတ်လပ်ခွင့် သံအမတ်သည် ဤကော်မရှင်၏ ရာထူးအရဖြစ်သော မဲပေးရွေးချယ်ရန်မလိုသည့် အဖွဲ့ဝင်အဖြစ်ဆောင်ရွက်သည်။

ကော်မရှင်အဖွဲ့ဝင်များသည် နိုင်ငံခြားရေး၊ လူ့အခွင့်အရေး၊ ဘာသာရေး လွတ်လပ်ခွင့်နှင့် နိုင်ငံတကာ ဥပဒေများတွင် ပညာရပ်ဆိုင်ရာကျွမ်းကျင်မှုနှင့် အတွေ့အကြုံ ကြွယ်ဝသူများဖြစ်ကြသည်။ ကော်မရှင်၏ တည်ရှိမှုသက်တမ်း ဆယ်စုကာလအတွင်း ကော်မရှင်အဖွဲ့ဝင်များသည် ရှေးရိုးခရစ်ယန်၊ မွာမွန်း၊ ဟိန္ဒူ၊ ဗုဒ္ဓဘာသာနှင့် ဘဟာအီဘာသာ အပါအဝင် ကွဲပြားခြားနားသည့် နောက်ခံရှိသည့် ကက်သလစ် ဘုန်းတော်ကြီးများ၊ မူဆလင်ဘာသာရေးဆရာတစ်ဦး၊ ဂျူး လူအခွင့်အရေးလှုပ်ရှားသူတစ်ဦး၊ ဂျူး ဘာသာရေးခေါင်းဆောင်တစ်ဦး၊ ပရိုတက်စတင့် ဘုန်းတော်ကြီးနှင့် ဥပဒေရေးရာ၊ နိုင်ငံခြားရေး မူဝါဒနှင့် အခြား ကျွမ်းကျင်သူပညာရှင်များ ပါဝင်ကြသည်။ ၎င်းတို့၏ ဦးဆောင်မှုအောက်တွင် ကော်မရှင်အနေဖြင့် ကိုးကွယ်ရာမျိုးစုံ၊ နိုင်ငံပေါင်းစုံနှင့် အယူဝါဒမျိုးစုံကို သက်ရောက်စေသော ဘာသာရေး လွတ်လပ်ခွင့် ချိုးဖောက်မှုများနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများကို မြှင့်တင်ခဲ့သည်။ ဥပမာအားဖြင့် ကော်မရှင်သည် မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာဝင်များ၊ ဘင်္ဂလားဒေ့ချ်တွင် ဟိန္ဒူ ဘာသာဝင်များ၊ ဆော်ဒီအာရေဗျတွင် ရှီယာမူဆလင်များ၊ ဗင်နီဇွဲလားတွင် ဂျူးများ၊ ပါကိစ္စတန်တွင် အာမာဒစ်များ၊ တရုတ်နိုင်ငံတွင် အိုင်ဂါ မူဆလင်များ၊ ဆူဒန်နိုင်ငံတွင် ခရစ်ယန်များနှင့် အီရန်နိုင်ငံတွင် ဘဟာအီ ဘာသာဝင်များကိုယ်စား ဆောင်ရွက်ခဲ့သည်။

ဘာသာရေး သို့မဟုတ် ယုံကြည်မှု လွတ်လပ်ခွင့်ကို မြှင့်တင်ခြင်းသည် အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေး မူဝါဒ၏ တစ်သားတည်းဖြစ်သော အစိတ်အပိုင်းဖြစ်လာသည်မှာ သေချာစေရန် နှစ်ပတ်လည် အစီရင်ခံစာသည် စိုးရိမ်ရသည့်နိုင်ငံများတွင် ဘာသာရေး သို့မဟုတ် ယုံကြည်မှု လွတ်လပ်ခွင့် အခြေအနေများကို ကော်မရှင်သို့ ရှင်းလင်းဖော်ပြပြီး မူဝါဒရေးရာ အကြံပြုမှုများကို ပေးသည်။ နှစ်ပတ်လည် အစီရင်ခံစာတွင် ဘာသာရေးလွတ်လပ်ခွင့်ကို ပြင်းထန်စွာ ချိုးဖောက်ခြင်းအတွက် IRFA အရ "အထူးစိုးရိမ်ရသည့် နိုင်ငံများ" (CPCs) အဖြစ် နိုင်ငံခြားရေးဝန်ကြီးက သတ်မှတ်ရန်အတွက် ကော်မရှင်က အကြံပြုခဲ့သည့် နိုင်ငံများနှင့်ပတ်သက်သည့် အခန်းများ၊ ဘာသာရေးလွတ်လပ်ခွင့် ချိုးဖောက်ခြင်းအတွက် ကော်မရှင်အနေဖြင့် စောင့်ကြည့်စာရင်းတွင် ထည့်သွင်းခဲ့သည့် (CPCs) အဆင့်မရောက်သော်လည်း စောင့်ကြည့်ရန်လိုအပ်သည့် နိုင်ငံများနှင့်ပတ်သက်သော အခန်းများနှင့် ကော်မရှင်က အနီးကပ် စောင့်ကြည့်မှတ်တမ်းတင်နေသည့် နိုင်ငံများနှင့်ပတ်သက်သော အခန်းများပါဝင်သည်။ အစီရင်ခံစာ အပြည့်အစုံကို www.uscirf.gov တွင် ရရှိနိုင်ပါသည်။

ဤ ၂၀၀၉ ခု နှစ်ပတ်လည် အစီရင်ခံစာတွင် ၂၀၀၈ ခု မေလမှ ၂၀၀၉ ခု ဧပြီလအထိ အချက်အလက်များ ပါဝင်သည်။

အစိုးရများက "အထူးပြင်းထန်သော" ဘာသာရေးလွတ်လပ်ခွင့် ချိုးဖောက်မှုကို ပြုလုပ်နေကြသည့် သို့မဟုတ် သည်းခံနေကြသည့် နိုင်ငံများအား "အထူးစိုးရိမ်ရသည့် နိုင်ငံများ"သို့မဟုတ် CPCs ဟု သတ်မှတ်ရန် သမ္မတက လုပ်ပိုင်ခွင့်အပ်နှင်းလျက်၊ IRFAက နိုင်ငံခြားရေးဝန်ကြီးအား ညွှန်ကြားသည်။ "အထူးပြင်းထန်သော" ချိုးဖောက်မှုကို နှိပ်စက်ခြင်း၊ တရားစွဲဆိုခြင်းမပြုဘဲ ကာလရှည်ကြာစွာ ထိန်းသိမ်းထားခြင်း၊ ပျောက်ကွယ်သွားမှုများအပါအဝင် "စနစ်တကျဖြစ်သော၊ ဆက်လက်ဖြစ်နေသော၊ ကမ်းကုန်သော" ချိုးဖောက်မှုများဟူ၍ သို့မဟုတ် "အသက်ရှင်နေထိုင်ရေး၊ လွတ်လပ်မှု သို့မဟုတ် လူပုဂ္ဂိုလ်များ၏ လုံခြုံရေး အခွင့်အရေးကို ပြောင်ပြောင်တင်းတင်းပိတ်ပင်ခြင်းဟူ၍ IRFAက အဓိပ္ပါယ်ဖွင့်ဆိုသည်။ နိုင်ငံတစ်ခုသည် CPC အဖြစ် သတ်မှတ်ခြင်းခံရပြီးနောက် သမ္မတသည် IRFA တွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် အရေးယူဆောင်ရွက်မှုများကို လုပ်ဆောင်လျက် ချိုးဖောက်မှုများကို ဥပဒေအရ ဆန့်ကျင်ရန် လိုအပ်သည်။

၂၀၀၆ ခုနှစ် နိုဝင်ဘာတွင် CPCs အဖြစ် နောက်ဆုံးသတ်မှတ်ခဲ့သည့် ယခင် ရှစ် နိုင်ငံကိုပင် နိုင်ငံခြားရေးဝန်ကြီးဌာနက ၂၀၀၉ခု ဇန္နဝါရီလတွင် CPCs အဖြစ် ပြန်လည်သတ်မှတ်ခဲ့သည်။ထိုနိုင်ငံများမှာ မြန်မာ၊ ကိုးရီးယားပြည်သူ့သမ္မတနိုင်ငံ (မြောက်ကိုးရီးယား)၊အီရီထရီးယား၊ အီရန်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဆော်ဒီအာရေဗီးယား၊ ဆူဒန်နှင့် ဥဇဘက်ကစ္စတန်တို့ဖြစ်ကြသည်။ နိုင်ငံခြားရေးဝန်ကြီးဌာနက ဥဇဘက်ကစ္စတန်ကို အရေးယူဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ ၁၈၀ ရက် သက်ညှာခွင့်၊ ဆော်ဒီအာရေဗီးယားအတွက် အချိန်အကန့်အသတ်မရှိ သက်ညှာခွင့် ထုတ်ပြန်ခဲ့သည်။ကိစ္စရပ်နှစ်ခုစလုံးတွင် “[နိုင်ငံတကာ ဘာသာရေးလွတ်လပ်ခွင့် ] ဥပဒေကို ရည်ရွယ်ချက်များကို အကျိုးပြု”ရန်ဖြစ်သည်။ ဤ သက်ညှာခြင်းများ၏ အကျိုးသက်ရောက်မှုကြောင့် အမေရိကန်ပြည်ထောင်စုသည် အဆိုပါနှစ်နိုင်ငံလုံးတွင် အထူးသဖြင့် ဘာသာရေး လွတ်လပ်ခွင့် ပြင်းထန်စွာ ချိုးဖောက်ခြင်းအတွက် မည်သည့် မူဝါဒရေးရာ တုန့်ပြန်မှုကိုမှ အကောင်အထည်ဖော်လိမ့်မည်မဟုတ်ပေ။

ဤအစီရင်ခံစာ ထုတ်ပြန်သည့်ကာလအတွင်း ကော်မရှင်အနေဖြင့် အောက်ဖော်ပြပါ ၁၃ နိုင်ငံအား CPCs အဖြစ်သတ်မှတ်ရန် နိုင်ငံခြားရေးဝန်ကြီးအား အကြံပြုခဲ့သည်။၎င်းတို့မှာ  မြန်မာ၊ ကိုးရီးယားပြည်သူ့သမ္မတနိုင်ငံ(မြောက်ကိုးရီးယား)၊အီရီထရီးယား၊ အီရန်၊အီရတ်[1]၊ နိုက်ဂျီးရီးယား[2]၊ ပါကိစ္စတန်၊  တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဆော်ဒီအာရေဗီးယား၊ ဆူဒန်၊ တက်ကမေနစ္စတန်၊ ဥဇဘက်ကစ္စတန်နှင့် ဗီယက်နမ်ဖြစ်ကြသည်။

အစိုးရများက ပြင်းထန်သော ဘာသာရေးလွတ်လပ်ခွင့် ချိုးဖောက်မှုကို ပြုလုပ်နေကြသည့် သို့မဟုတ် သည်းခံနေကြသည့် CPC အဆင့်မရောက်သော နိုင်ငံများကို နီးကပ်စွာ စောင့်ကြည့်မှတ်တမ်းတင်ရန် လိုအပ်မှုပေါ်အခြေခံလျက် ကော်မရှင်သည် စောင့်ကြည့်စာရင်းသို့ နိုင်ငံများကို အမည်စာရင်းလည်းသွင်းခဲ့သည်။ ဤနိုင်ငံများသည်လည်း အနီးကပ်စောင့်ကြည့်ရန်လိုအပ်သည်။ အချို့သောကိစ္စရပ်များတွင် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အုပ်စုပေါင်းများစွာ ပါဝင်သည့် အဖွဲ့အစည်းများ၏ ပစ်မှတ်ထားပြုလုပ်သည့် သံတမန်ရေးဆိုင်ရာ အရေးယူ ဆောင်ရွက်မှုများ လိုအပ်သည်။ ဤအစီရင်ခံစာတင်သွင်းသည့် ကာလအတွင်း ကော်မရှင်၏ စောင့်ကြည့်စာရင်းတွင် အာဖဂန်နစ္စတန်၊ ဘီလာရုပ်စ်၊ကျူးဘား၊ အီဂျစ်၊ အင်ဒိုနီးရှား၊ လာအို၊ ရုရှ၊ ဆိုမားလီးယား၊ တာဂျစ်ကစ္စတန်၊တူရကီနှင့် ဘင်နီဇွဲလားနိုင်ငံများပါဝင်သည်။

**ကော်မရှင်အနေဖြင့်  <u>မြန်မာ</u> ကို စိုးရိမ်သည်။**

[1] ကော်မရှင်၏ အီရတ်နှင့်ပတ်သက်သော အစီရင်ခံစာကို ဝင်ရောက်ရေးသားရာတွင် ကော်မရှင်အဖွဲ့ဝင် Cromartie, Eid, Land နှင့် Leo တို့သည် CPC အကြံပြုချက်နှင့်ပတ်သက်၍ သဘောကွဲလွဲကြပြီး၊ အီရတ်ကို ကော်မရှင်၏ စောင့်ကြည့်အဆင့်တွင် ဆက်လက်ထားရှိရန် ဆုံးဖြတ်ခဲ့ကြသည်။

[2] ကော်မရှင်အဖွဲ့ဝင် Cromartie သည် CPC အကြံပြုချက်နှင့်ပတ်သက်၍ သဘောကွဲလွဲကြပြီး၊ နိုက်ဂျီးရီးယားကို ကော်မရှင်၏ စောင့်ကြည့်အဆင့်တွင် ဆက်လက်ထားရှိရန် ဆုံးဖြတ်ခဲ့ကြသည်။

မြန်မာနိုင်ငံကို အုပ်ချုပ်နေသည့် စစ်အာဏာသိမ်းအစိုးရ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ကမ္ဘာ့ အဆိုးရွားဆုံး လူ့အခွင့်အရေးမှတ်တမ်းများအနက် တစ်ခုအပါအဝင်ဖြစ်သည်။လွန်ခဲ့သည့်နှစ်အတွင်းတွင် မြန်မာနိုင်ငံ ဘာသာရေး လွတ်လပ်မှု အခြေအနေများမှာ ပိုမိုယိုယွင်းကျဆင်းခဲ့သည်။ အထူးသဖြင့် ၂၀၀၇ ခုနှစ် စက်တင်ဘာလအတွင်း ငြိမ်းချမ်းစွာ ဆန္ဒပြခဲ့ကြသော ဗုဒ္ဓဘာသာရဟန်းတော်များအား အကြမ်းဖက် နှိမ်နှင်းခဲ့ပြီးနောက်ပိုင်းတွင် မြန်မာ စစ်အစိုးရသည် ဘာသာရေး အဖွဲ့အစည်းများအားလုံး၏ လှုပ်ရှားမှုကို စောင့်ကြည့်မှတ်တမ်းတင်လျက်၊ ဘာသာရေးခေါင်းဆောင်များနှင့် ၎င်းတို့၏ ရပ်ရွာလူ့အဖွဲ့အစည်းများအပေါ် အကြမ်းဖက်မှုများကို ဆက်လက်ဖြစ်ပေါ်စေလျက် သို့မဟုတ် လုပ်ဆောင်ခွင့်ပြုလျက် ဘာသာရေးဆိုင်ရာ ဓလေ့ထုံးစံများအား ပြင်းထန်စွာ ကန့်သတ်ချုပ်ချယ်သည့် ၎င်း၏ မူဝါဒကို ဆက်လက်ကျင့်သုံးခဲ့သည်။၂၀၀၇ ခုနှစ် စက်တင် ဘာလ "ရွှေဝါရောင်တော်လှန်ရေး" ၏ ဇာတ်ကောင်မ အဖြစ် ရှုမြင်ခြင်းခံခဲ့ရသော ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းများသည် နေ့စဉ် ဘာသာရေးဆိုင်ရာ လုပ်ဆောင်မှုများအပေါ် ပြင်းထန်သော ကန့်သတ်ချက်များအပါအဝင် အပြင်းထန်ဆုံးသော ကန့်သတ် ချုပ်ချယ်မှုများကို ဆက်လက်ရင်ဆိုင်ကြုံတွေ့နေကြရသည်။ မူဆလင်များ၏ ဘာသာရေးဆိုင်ရာ လုပ်ဆောင်မှု အများအပြား အပေါ်တွင် တင်းကျပ်စွာ ထိန်းချုပ်မှုများအပြင် အစိုးရက ကမကထပြုသည့် သို့မဟုတ် ထောက်ပံ့သည့် လူ့အဖွဲ့အစည်းဆိုင်ရာ အကြမ်းဖက်မှုများကိုလည်း နေ့စဉ်နှင့်အမျှ ကြုံတွေ့နေကြရသည်။ မြန်မာနိုင်ငံမှ ခရစ်ယန်ဘာသာဝင်များသည် ဗုဒ္ဓဘာသာကို အတင်းအကျပ်မြှင့်တင်ခြင်းနှင့် ရာစုပေါင်းများစွာ ပြင်းထန်မှု နည်းပါးသည့် ပဋိပက္ခ ဖြစ်ပေါ်နေခဲ့သော တိုင်းရင်းသား လူနည်းစု ဧရိယာများတွင် အခြားသော အခက်အခဲများကိုလည်း ရင်ဆိုင်ကြုံတွေ့နေကြရသည်။ ၎င်းအပြင် ဘုရားကျောင်းများ အဆောက် အအုံများ တည်ဆောက်ခြင်းကို ခွင့်ပြုရန် ပုံမှန်ငြင်းပယ်လေ့ရှိသောကြောင့် လုပ်ဆောင်ကြသည့် သီးခြားလွတ်လပ်သော "နေအိမ် ဘုရားကျောင်း"ဘာသာရေး ဆိုင်ရာနေရာများအား ၂၀၀၉ခုနှစ် အစောပိုင်းတွင် ပြဋ္ဌာန်းသည့် ဥပဒေသစ်က တားမြစ်သည်။ နိုင်ငံခြားရေးဝန်ကြီးဌာနက မြန်မာနိုင်ငံအား ၁၉၉၉ ခုနှစ်မှ စတင်၍ CPC နိုင်ငံအဖြစ်သတ်မှတ်ခဲ့သည်။

မြန်မာနိုင်ငံသည် ၁၉၄၈ခု လွတ်လပ်ရေးရပြီးချိန်မှ စတင်၍ ဆက်လက်ဖြစ်ပေါ်နေသော ပဋိပက္ခကို ရင်ဆိုင်ကြုံတွေ့ရသည်။ SPDC သည် ၎င်းအာဏာတည်မြဲရေးအတွက် ခြိမ်းခြောက်မှုတစ်ခုအဖြစ် ရှုမြင်သည့် ဘာသာရေးနီးနွယ်မှုသည် ခွဲခြား ဖော်ထုတ်သည့် သွင်ပြင်လက္ခဏာ တစ်ခုဖြစ်သည့် တိုင်းရင်းသား လူနည်းစု အုပ်စုများအပါအဝင် မည်သည့်အုပ်စုကိုမဆို ကြမ်းတမ်းစွာ ကိုင်တွယ်ဆက်ဆံသည်။ တိုင်းရင်းသား လူနည်းစု မူဆလင်များနှင့်ခရစ်ယာန်များသည် ကာလအရှည်ကြာဆုံး အခက်အခဲများကို ရင်ဆိုင်ကြုံတွေ့ကြရသော်လည်း ၂၀၀၇ ခု အစိုးရဆန့်ကျင်ရေး ဆန္ဒပြပွဲများပြီးနောက် အစိုးရသည် ဘုန်းတော် ကြီးကျောင်းများကို ပိတ်ခြင်း၊ သံဃာတော်များအား ဖမ်းဆီးကာ လူဝတ်လဲစေခြင်းနှင့် ၎င်းတို့၏ အများပြည်သူကြား ဘာသာရေး လုပ်ဆောင်မှုများကို ဖြတ်တောက်ခြင်းဖြင့် ဗုဒ္ဓဘာသာရဟန်းတော်များအားလည်း စနစ်တကျ စတင် ဖိနှိပ်ခဲ့သည်။ ဗုဒ္ဓဘာသာ ရဟန်းတော်များနှင့် ဘုန်းတော်ကြီးကျောင်းများကို ဖြိုခွင်းနှိမ်နင်းသော်ငြားလည်း SPDC သည် အထူးသဖြင့် တိုင်းရင်းသား လူနည်းစုဒေသများ၌ တခါတရံတွင် ဘာသာပြောင်းမှုကို တိုက်တွန်းအားပေးရန်အတွက် စီးပွားရေးဆိုင်ရာ မက်လုံးများကို ဖိအား ပေးလျက် သို့မဟုတ် ကမ်းလှမ်းလျက် ထေရဝါဒ ဗုဒ္ဓဘာသာကို ယေဘုယျအားဖြင့် မြှင့်တင်သည်။ မြန်မာနိုင်ငံ၏ သမိုင်း တလျှောက်တွင် အစိုးရတစ်ရပ်၏ အာဏာကိုင်စွဲမှုကို တရားဝင်စေရန် ဗုဒ္ဓဘာသာ လူ့အဖွဲ့အစည်း၏ အားပေးထောက်ခံမှု လိုအပ်ခဲ့သည်။ SPDC ခေါင်းဆောင်များသည် ဗုဒ္ဓဘာသာ အခမ်းအနားများ၌ အများပြည်သူရှေ့မှောက် တွင် ပါဝင်ဆင်နွှဲလျက် ဤအစဉ်အလာများကို ဆက်လက်ကျင့်သုံးခဲ့သည်။ ဗုဒ္ဓဘာသာ ဩဝါဒသည် အစိုးရကျောင်းများ အားလုံး တွင် သင်ကြားသည့် စိတ်ကြိုက်ဘာသာတစ်ခုဖြစ်ပြီး၊ ကျောင်းသားများ အားလုံးနေ့စဉ် ဘုရားရှိခိုးရန်လိုအပ်သည်။ အချို့ သော ကျောင်းများ၌ ကလေးများသည် ဗုဒ္ဓဘာသာဝင်မဟုတ်လျှင် ဘုရားရှိခိုးချိန်၌ အခန်းထဲမှ ထွက်သွားခွင့်ပြုသော်လည်း အချို့သော ကျောင်းများ၌ ၎င်းတို့အား ဘုရားရှိခိုးစာရွတ်ဆိုရန် အတင်းအကျပ်ခိုင်းစေသည်ဟု ဆိုသည်။ ထို့အပြင် မြန်မာစစ်တပ်သည် ခရစ်ယာန်နှင့် မူဆလင် ဧရိယာများတွင် ဘာသာရေးဆိုင်ရာ နေရာများနှင့် အဆောက်အအုံများကို ဖျက်ဆီးကာ စေတီပုထိုးများ တည်ဆောက် လေ့ရှိသည်။

၂၀၀၇ ခု အစိုးရဆန့်ကျင်ရေး ဆန္ဒပြပွဲများ၏ အရေးပါမှုကို နားလည်ရန်အတွက် မြန်မာနိုင်ငံ၏ လူနေမှုဘဝနှင့် ယဉ်ကျေးမှုတွင် ဗုဒ္ဓဘာသာ၏ အရေးပါမှုသည် အလွန်အရေးကြီးသည်။ လောင်စာဆီဈေးနှုန်းမြင့်တက်မှုကြောင့် အစိုးရအား ဦးစွာ ဆန့်ကျင် ဆန္ဒပြခဲ့ကြသည့် တက်ကြွလှုပ်ရှားသူများအား ဖမ်းဆီး၊ ထိန်းသိမ်း၊ရိုက်နှက်မှုများ ပြုလုပ် ပြီးနောက်တွင် တဖြည်းဖြည်းကြီးထွား များပြားလာသည့် ဆန္ဒပြမှုများ၏ ခေါင်းဆောင်မှုကို ရယူခဲ့သည်။ ရဟန်းတော်များသည် ဆန္ဒပြမှုများ၏ နယ်ပယ်ကို ကျယ်ပြန့် စေခဲ့ပြီး နိုင်ငံရေးအကျဉ်းသားများလုံးကို ပြန်လွှတ်ပေးရေးနှင့် နိုင်ငံတွင် ဒီမိုကရေစီစနစ်ဆီသို့ ဦးတည်သွားစေမည့် လုပ်ငန်းစဉ် တစ်ရပ်ကို စတင်ရန်တောင်းဆိုခဲ့သည်။ နောက်ရက်သတ္တပတ်များတွင် ဗုဒ္ဓဘာသာ ရဟန်းတော်များသည် မြန်မာနိုင်ငံ၏ အဓိက မြို့ကြီးအများစုတွင် ငြိမ်းချမ်းစွာ ဆန္ဒပြပွဲများ စီစဉ်ခဲ့ကြသည်။ ရဟန်းတော်များ ဦးဆောင်သည့် ဆန္ဒပြပွဲများကို ဖြိုခွဲရန် SPDC က စစ်တပ်အား အမိန့်ပေးပြီးနောက် အချို့သော ကျွမ်းကျင်သူများက အမှန်တကယ် သေဆုံးသူ အရေအတွက်မှာ အတော်မြင့်မားမည်ဟု ခန့်မှန်းခဲ့ကြသော်လည်း အနည်းဆုံး လူ ၃၀ ယောက် သေဆုံးခဲ့သည်ဟု သတင်းများ ထွက်ပေါ်ခဲ့သည်။ မြန်မာနိုင်ငံရှိ သတင်းစာဆရာများနှင့် လှုပ်ရှားတက်ကြွသူများက အဆိုပါ နှိမ်နင်းမှုအတွင်း အနည်းဆုံး လူ ၄၀၀၀ ကို ဖမ်းဆီးခဲ့ သည်ဟု ဖော်ပြကြပြီး လူ ၅၀၀ မှ ၁၀၀၀ သည် နောက် လပေါင်းများစွာ

ဆက်လက်ထိန်းသိမ်းခံရနေရပြီး များစွာမှာ ထိန်းသိမ်း ထားစဉ် နှိပ်စက်ညှဉ်းပန်း ခံရသည် ဟုဆိုသည်။ ဟု ခန့်မှန်းကြသည်။ ဖမ်းဆီးခံရသူများအနက် မည်ရွေ့မည်မျှမှာ သံဃာ တော်များဖြစ်သည်ကို မသိရှိပေ။ မြန်မာနိုင်ငံတွင် ထင်သာမြင်သာမရှိခြင်းကြောင့် လူမည်မျှ ထောင်ထဲတွင်ကျန်ရှိနေသည် သို့မဟုတ် မည်မျှပျောက်ဆုံးနေသည်ကို စိစစ်ရန်ခက်ခဲသည်။ ၂၀၀၉ ခု ဇန္နဝါရီလတွင် သံဃာတော်များ၊ ကျောင်းသားခေါင်း ဆောင်များနှင့် နိုင်ငံရေး လှုပ်ရှားတက်ကြွသူများ အပါအဝင် လှုပ်ရှားတက်ကြွသူ ၂၇၀ အား ၂၀၀၇ ခု ဆန္ဒပြပွဲများတွင် ပါဝင်ခဲ့မှု အတွက် နှစ်ရှည်ထောင်ဒဏ် အသီးသီးချမှတ်ခဲ့သည်။

ဆန္ဒပြပွဲများအပြီး ချက်ချင်းပင် စစ်တပ်သည် ဘုန်းတော်ကြီးကျောင်း ၅၂ ကျောင်းကို စီနင်းခဲ့ပြီး သံဃာတော်များစွာကို ထိန်းသိမ်းခဲ့ကာ ဆန္ဒပြပွဲများ၏ ခေါင်းဆောင်ဟု ယူဆသူများကို ဖမ်းဆီးခဲ့သည်။ ထို့နောက်တွင် ၎င်းရဟန်း သံဃာတော်များကို နှိပ်စက်ညှဉ်းပန်းကာ အတင်းအကျပ်လူဝတ်လဲစေခဲ့ပြီး မိမိတို့၏ ရပ်ရွာသို့ပြန်သွားစေခဲ့သည်။ ဘုန်းတော်ကြီးကျောင်းများစွာကို ဆက်လက် ပိတ်ထားခဲ့သည် သို့မဟုတ် သံဃာတော်အရေအတွက် ပိုမိုနည်းပါးစွာဖြင့် ဘာသာရေး လုပ်ငန်းဆောင်တာများ လုပ်ဆောင်နေကြသည်။ မူလက သံဃာတော်အပါး ၁၈၀ သီတင်းသုံးနေထိုင်ခဲ့သည့် ငွေကြာယံ ဘုန်းတော်ကြီးကျောင်းသို့ ခန့်မှန်းခြေ သံဃာတော်အပါး ၅၀ ကိုသာလျှင် ပြန်လာခွင့်ပြုခဲ့သည်။ ၎င်းအပြင် ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်ရှိ မဂ္ဂင် ဘုန်းတော်ကြီးကျောင်းကို အာဏာပိုင်များက ၂၀၀၇ခု နိုဝင်ဘာလတွင် အတင်းအကျပ်ချိတ်ပိတ်ခဲ့ပြီး သံဃာတော်အများစုနှင့် ကျောင်းတွင် ဝေယျာဝစ္စလုပ်ကိုင်ဆောင်ရွက်ပေးနေသူ အရပ်သားများမှာ ဆန္ဒပြပွဲများအား ထောက်ခံခြင်းနှင့် ဒီမိုကရေစီရေး လှုပ်ရှားဆောင်ရွက်သူများအား ခိုလှုံခွင့်ပေးမှုတို့အတွက် အဖမ်းခံခဲ့ရသည် သို့မဟုတ် အထိန်းသိမ်းခံခဲ့ရသည်။ မဂ္ဂင် ဘုန်းတော် ကြီးကျောင်းသည် ဘာသာရေးဆိုင်ရာ ကျောင်းတော် တစ်ခုဖြစ်သည့်အပြင် မိဘမဲ့ကလေးဂေဟာနှင့် အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ် လူနာများအတွက် တည်းခိုရန်ဂေဟာတစ်ခုလည်းဖြစ်သည်။

ဆန္ဒပြပွဲများ အဓိက ဆောင်ရွက်လှုပ်ရှားရာ နေရာများဟု ရှုမြင်သည့် ဘုန်းတော်ကြီးကျောင်းကို အစိုးရအာဏာပိုင်များက နီးကပ်စွာ ဆက်လက်စောင့်ကြည့် မှတ်တမ်းတင်နေပြီး ၎င်းဧရိယာများတွင် ဘာသာရေး အစဉ်အလာ လုပ်ဆောင်မှုများကို ကန့်သတ် ချုပ်ချယ်ခဲ့သည်။ ဆန္ဒပြပွဲများအား စီစဉ်သူများအဖြစ် ယူဆသည့် သံဃာတော်များအား “အများပြည်သူများအား အထိတ် တလန့် ဖြစ်စေမှု”နှင့် “ဗုဒ္ဓဘာသာနှင့် မကိုက်ညီသည့် အသရေညှိုးနွမ်းစေသော လုပ်ဆောင်မှုများ”လုပ်ဆောင်လျက် နိုင်ငံ တော်အား အကြည်အညိုပျက်စေမှုဖြင့် တရားစွဲဆိုခဲ့သည်။ ထောင်ဒဏ် နှစ် နှစ်မှ ၆၅နှစ် အထိ အသီးသီး ချမှတ်ခဲ့သည်။ ဥပမာအားဖြင့် စိတ္တသုခ ဘုန်းတော်ကြီးကျောင်းမှ ဦးကေသရိယအား ထောင်ဒဏ် ခုနှစ် နှစ်ခွဲ၊ အဓိဌာန် ဘုန်းတော်ကြီးကျောင်းမှ ဦးကောမာလအား နှစ် နှစ်ခွဲ၊ ရတနာဘုံမြေ ဘုန်းတော်ကြီးကျောင်းမှ ဦးဝဏ္ဏသီရိအား သုံးနှစ်၊ မြို့မ ဘုန်းတော်ကြီးကျောင်းမှ ဦးအိန္ဒရိယအား ခုနှစ် နှစ်ခွဲ အသီးသီး ချမှတ်ခဲ့သည်။ ၎င်းတို့သည် တရားမဝင်အသင်းအပင်းများဖွဲ့စည်းမှု ဥပဒေ ပုဒ်မ ၁၇/၂၊ (တရားမဝင်နယ်စပ်ဖြတ်ကျော်မှုအတွက်) လူဝင်မှုကြီးကြပ်ရေး ဥပဒေ ပုဒ်မ ၁၃/၁ နှင့် (ဆန္ဒပြပွဲများအား အားပေးကူညီမှု အတွက်) အရေးပေါ် ပြဋ္ဌာန်းချက်များ ဥပဒေ ပုဒ်မ ၅ (ည)တို့ဖြင့် တရားစွဲခံခဲ့ရသော ဆရာတော် ဦးဂမ္ဘီရကဲ့သို့ပင် ပြစ်ဒဏ် ကျခံခဲ့ရခြင်းဖြစ်သည်။၂၀၀၈ ခု ဇူလိုင်လတွင် သံဃာတော် ကိုးပါးအား ဖမ်းဆီးပြီး “တမင်တကာ မလိုတမာစိတ်ဖြင့် ဘာသာရေး ခံစားမှုအား နားကြည်းစေမှု”ဖြင့် တရားစွဲဆိုကာ ထောင်ဒဏ် နှစ် နှစ်စီချမှတ်ခဲ့သည်။ နောက်လတွင် ရန်ကုန်မြို့ သာဓု ဘုန်းတော်ကြီးကျောင်းမှ ဆရာတော် ဦးဓမ္မသာရနှင့် ဦးနန္ဒရတို့အားဖမ်းဆီးခဲ့ပြီး၊ ၎င်းတို့အား ဆက်လက် ထိန်းသိမ်း ထားဆဲဖြစ် သည်။ ထင်ရှားသော နိုင်ငံရေး လှုပ်ရှားတက်ကြွသူများအပါအဝင် အကျဉ်းကျခံနေရသူ ၉၀၀၂ ယောက်အား SPDC က လွှတ်ပေးခဲ့သည် ဆိုသော်ငြားလည်း ထိုလတွင်ပင် သံဃာတော်များအပါအဝင် နိုင်ငံရေး လှုပ်ရှား တက်ကြွသူ ၃၉ ဦးအား ဖမ်းဆီးခဲ့ပြီး ၂၁ ဦးအား ထောင်ဒဏ်များချမှတ်ခဲ့သည်။ သစ္စာသရဖူ ဘုန်းတော်ကြီးကျောင်းမှ ဆရာတော် ဦးအာနန္ဒသည် အင်းစိန်ထောင်အတွင်း ထိန်းသိမ်းထားစဉ်တွင် အကြောင်းရင်းကို မသိရဘဲ ပျံလွန်သွားခဲ့သည် ဟု ၂၀၀၉ခု ဇန္နဝါရီလတွင် သတင်းများရရှိခဲ့သည်။၂၀၀၇ ခု ဆန္ဒပြပွဲများပြီးနောက် သံဃာရာပေါင်းများစွာသည် နိုင်ငံရေးခိုလှုံခွင့်တောင်းခံရန် ထိုင်းနိုင်ငံသို့ ထွက်ပြေး ခဲ့ကြသည်။ ထိန်းသိမ်းခံထားရစဉ်တွင် နှိပ်စက်ညှဉ်းပန်းမှု၊ အလုပ်ကြမ်းခိုင်းစေမှုနှင့် အခြားသော ပိတ်ပင် မှုများကို တွေ့ကြုံခဲ့ရ သည်ဟု ၎င်းတို့က ပြန်လည်ပြောပြကြသည်။

“ရွှေဝါရောင်တော်လှန်ရေး”ပြီးနောက် ပေါ်ပေါက်ခဲ့သည့် နှိမ်နင်းမှုမတိုင်မီကပင် ဗုဒ္ဓဘာသာရေးရာများတွင် အစိုးရ၏ ဝင်ရောက်စွပ်ဖက်မှုများရှိခဲ့သည်။ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ၂၀၀၈ ခု *လူ့အခွင့်အရေး ကျင့်သုံးမှုများနှင့်ပတ်သက်သည့် နိုင်ငံအလိုက် အစီရင်ခံစာ*အရ ဗုဒ္ဓဘာသာ သံဃာတော်များ တင်းကျပ်သည့် ကျင့်ဝတ်များကို လိုက်နာစေရန် ရာဇဝတ်ပြစ်မှု များဖြင့် ဖိအားပေး ခြင်းခံနေရသည်ဟုဆိုသည်။ ရဟန်းတော်များအား နိုင်ငံရေးဆိုင်ရာ တရားဒေသနာများ ဟောပြောခြင်း၊ အများပြည်သူသို့ ထုတ်ပြန် ကြေငြာချက် ထုတ်ပြန်ခြင်း၊ သို့မဟုတ် SPDC မူဝါဒများကို ဝေဖန်သည့် အမြင်များပါဝင်သည့် စာပေများကို ထုတ်ဝေခြင်းကို ခွင့်မပြုချေ။ ရဟန်းတော်များအား နိုင်ငံရေးပါတီများ နှင့်ပေါင်းသင်းဆက်ဆံခြင်း သို့မဟုတ် ဝင်ရောက်ခြင်းကိုလည်း တားမြစ်ထားသည်။ ဗုဒ္ဓဘာသာ ရဟန်းတော်များအား စစ်ခုံရုံးတွင် စစ်ဆေးရန်အတွက် တရားစီရင် ရေးကို စစ်တပ် တပ်မှူးများက ထိန်းထားကြသည်။ ၁၉၈၈ ခုနှစ်မှ ၂၀၀၈ ခုနှစ်အတွင်း အဖြစ်အပျက်များစွာတွင် သံဃာတော် များနှင့် သီလရှင်များ ကို လူဝတ်လဲခိုင်းသည် သို့မဟုတ် ထိန်းသိမ်း ထားသည်။ ခန့်မှန်းခြေ သံဃာတော်နှင့် ကိုရင်အပါး ၁၀၀ ခန့် သည် ၂၀၀၇ခုနှစ် စက်တင်ဘာ အဖြစ်အပျက်များ မတိုင်မီ ပေါ်ပေါက်ခဲ့ သည် လှုပ်ရှားမှုများအတွက် ယုံကြည်ချက်ကြောင့် အကျဉ်းကျခံရသူများအဖြစ် ထောင်ထဲတွင် ဆက်လက်ရှိနေဆဲဖြစ်သည်။

လူနည်းစု ဘာသာရေးအုပ်စုများ အထူးသဖြင့် မူဆလင်နှင့် ခရစ်ယာန်များသည် စစ်တပ်ကကျူးလွန်သည့် ပြင်းထန်သော ဘာသာရေးလွတ်လပ်ခွင့်နှင့် အခြား လူ့အခွင့်အရေးများ ချိုးဖောက်မှုများကို ဆက်လက်ရင်ဆိုင်ကြုံတွေ့ကြရသည်။ အချို့သော

နယ်မြေများတွင် စစ်တပ် တပ်မှုများသည် တိုင်းရင်းသားနှင့် လူနည်းစု ဘာသာရေးအဖွဲ့ဝင်များအား ၎င်းတို့၏ ဆန္ဒနှင့် ဆန့်ကျင်လျက် အခမ့ လုပ်အားပေးအတွက် မလုပ်မနေရ လုပ်ကိုင်စေခဲ့သည်။ မလုပ်မနေရ ခိုင်းစေမှုအား လိုက်နာလုပ်ဆောင်ရန် ငြင်းဆိုသူများအား ပြစ်မှုဆိုင်ရာ တရားစွဲဆိုခြင်းပြုလုပ်မည် သို့မဟုတ် ဒဏ်ရိုက်မည်ဟု ခြိမ်းခြောက်သည်။၎င်းတို့တာဝန်ကို မဆောင်ရွက်သူများအား ပစ်သတ်သည် သို့မဟုတ် သေဆုံးသည် အထိ ရိုက်နှက်သည်။ မူဆလင်နှင့် ခရစ်ယာန်များသည် ဗလီများ၊ ဘုရားကျောင်းများနှင့် သင်္ချိုင်းများအား ဖျက်ဆီးရာတွင်ပါဝင်လုပ်ဆောင်ရန်နှင့် စစ်တပ် အထမ်းသမားများအဖြစ် ထမ်းရွက်ရန် အတင်းအကျပ်ခိုင်း စေခြင်း ခံကြရသည်။၎င်းတို့အား ဗုဒ္ဓဘာသာဘုရားပုထိုးများနှင့် ဘုန်းတော်ကြီးကျောင်း တည်ဆောက်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန် လုပ်အား "လှူဒါန်း"ရန်လည်း အတင်းအကျပ်ခိုင်းစေခြင်းခံကြရသည်ဟု ဆိုသည်။

ဗုဒ္ဓဘာသာဝင်များနှင့် မူဆလင်များအကြား တင်းမာမှုကြောင့် လွန်ခဲ့သည့် နှစ်ပေါင်းများစွာအတွင်း အုပ်စုလိုက် အကြမ်းဖက်မှုများ ဖြစ်ပေါ် ခဲ့သည်။ ၎င်းတို့အနက်မှ အချို့ကို လူနည်းစု မူဆလင်များအား ဆန့်ကျင်လျက် မြန်မာ လုံခြုံရေးတပ်များက စတင်လှုံ့ဆော်ခဲ့သည်။ ခွဲခြား ဆက်ဆံခြင်းနှင့် ဘာသာရေးလွတ်လပ်ခွင့် ချိုးဖောက်မှုများမှာ အထူးသဖြင့် ရိုဟင်ဂျာ မူဆလင်များအတွက် ပြင်းထန်လှသည်။ ၎င်းတို့၏ ဘိုးဘေးဘီဘင်များမှာ ဗြိတိသျှကိုလိုနီ အုပ်ချုပ်ရေးမတိုင်မီ နိုင်ငံတွင်း မနေထိုင်ခဲ့ကြဟူသော အကြောင်းပြချက်ဖြင့် ရိုဟင်ဂျာများကို နိုင်ငံသားဖြစ်ခွင့်မပြုပေ။ မြန်မာနိုင်ငံတွင် ရိုဟင်ဂျာ ၈၀၀၀၀၀ ခန့်နေထိုင်ကြပြီး အဓိကအားဖြင့် ရခိုင်ပြည်နယ် တွင်ဖြစ်သည်။ နိုင်ငံသား မဖြစ်ခြင်းကြောင့် ရိုဟင်ဂျာ မူဆလင်များသည် ၎င်းတို့၏ လွတ်လပ်စွာ သွားလာလှုပ်ရှားခွင့်ကို ကန့်သတ် ချုပ်ချယ်ခံနေရပြီး၊ အချို့သော ရိုဟင်ဂျာများမှာ တရားဝင် အိမ်ခြံမြေ ပိုင်ဆိုင်ခြင်း၊ အချို့သော မြို့နယ်များတွင်နေထိုင်ခြင်း သို့မဟုတ် မူလတန်းမှ ကျော်လွန်၍ အစိုးရ ကျောင်းများတွင် တက်ရောက်ခြင်းမှ တားမြစ်ခြင်းကို ခံကြရသည်ဟု ဒုက္ခသည်များက ဆိုသည်။ ၁၉၈၈ ခုနှစ်မှ စတင်၍ ရခိုင်ပြည်နယ်၏ မူဆလင် အများဆုံးရှိသော အပိုင်များတွင် တစ်နှစ် ရွာတစ်ရွာလျှင် ထိမ်းမြားလက်ထပ်မှု သုံးခုကိုသာလျှင် အစိုးရက ခွင့်ပြုခဲ့သည်။ ဤကန့်သတ်မှုကို ရုပ်သိမ်းရန် ကြိုးပမ်းမှုမှာလည်း မအောင်မြင်ခဲ့ချေ။ မွေးကင်းစ ကလေးငယ်များ အတွက် မွေးစာရင်း ရယူမှုမှာလည်း အထူးသဖြင့် စစ်တွေမြို့တွင် ခက်ခဲသည်ဟု မူဆလင်များက ဆိုသည်။ ဤကဲ့သို့သော မူဝါဒသက်ရောက်မှုမှာ လွန်ခဲ့သည့်နှစ်တွင် ကျယ်ပြန့်လာခဲ့သည်။ ရဲနှင့် နယ်ခြားစောင့် တပ်ဖွဲ့များက ဤဒေသတွင် ဗလီများကို ဆက်လက်စစ်ဆေးနေကြပြီး ဗလီတစ်ခုက တရားဝင် အဆောက်အအုံခွင့်ပြုချက် မပြနိုင်လျှင် ၎င်းနေရာကို ဖျက်ဆီးရန် အမိန့်ပေးသည်။ လွန်ခဲ့သော နှစ်က ဗလီ ကိုးခုကို ပိတ်ခဲ့သည်။ အစိုးရအနေဖြင့် ဘာသာရေး ဗဟိုဌာများနှင့် ကျောင်းများကို ဖျက်ဆီးရန်လည်း ခွင့်ပြုခဲ့သည်။

၂၀၀၄ ခု ဇွန်လတွင် ကမ္ဘာ့ကုလသမဂ္ဂ ကလေးများ အခွင့်အရေး ကော်မီတီက ရိုဟင်ဂျာကလေးများ အခြေအနေ အထူးသဖြင့် ၎င်းတို့၏ အစားအစာ၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာရေးရပိုင်ခွင့်များ ငြင်းပယ်ခံရမှု အပြင် ၎င်းတို့၏ ရှင်သန် တိုးတက်ကာ မိမိယဉ်ကျေးမှုကို ခံစားပိုင်ခွင့်နှင့် ခွဲခြားဆက်ဆံမှုမှ အကာအကွယ် ရပိုင်ခွင့်တို့နှင့် စပ်လျဉ်း၍ စိုးရိမ်ပူပန်မှုကို ဖော်ပြခဲ့သည်။ ၂၀၀၇ ခု ဧပြီလတွင် မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး ကမ္ဘာ့ကုလသမဂ္ဂ အထူးကိုယ်စားလှယ်နှင့် ကမ္ဘာ့ကုလသမဂ္ဂ လူမျိုးခွဲခြားရေး၊ လူမျိုး ခွဲခြားဆက်ဆံရေးနှင့် နိုင်ငံခြားသားများ ကြောက်ရွံ့ခြင်း အထူးကိုယ်စားလှယ် ပါဝင်သော ကမ္ဘာ့ကုလသမဂ္ဂ ကျွမ်းကျင်သူများအဖွဲ့က မြန်မာအစိုးရ၏ ရိုဟင်ဂျာ မူဆလင်များအား နိုင်ငံသားအဖြစ် အသိအမှတ်ပြုရန် ငြင်းပယ်မှုသည် "၎င်းတို့၏ အများပြည်သူဆိုင်ရာ၊ နိုင်ငံရေးရာ၊ စီပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများ အပြည့်အဝ ကျင့်သုံးမှုကို ပြင်းထန်စွာ ဖြတ်တောက်ပြီး အမျိုးမျိုးသော လူမျိုးရေးခွဲခြား ဆက်ဆံမှု ကျင့်သုံးမှုများဆီသို့ ဦးတည်သွားပြီဖြစ်သည်။ ၎င်းတွင် လွတ်လပ်စွာ လှုပ်ရှားမှုကို ပြင်းထန်စွာ တားမြစ်ခြင်း၊ ခြိမ်းခြောက် ငွေညှစ်မှု ပုံစံအမျိုးမျိုးနှင့် တစ်ဖက်သတ် အခွန်ကောက်ခြင်း၊ မြေယာသိမ်းယူခြင်းနှင့် အတင်းအကျပ် နှင်ထုတ်ခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှု၊ အစားအစာနှင့် လုံလောက်သော နေရာထိုင်ခင်း ရယူနိုင်မှုကို ကန့်သတ်ခြင်း၊ အတင်းအကျပ် လုပ်အားပေး ခိုင်းစေမှုနှင့် လက်ထပ်ထိမ်းမြားမှု အပေါ်ကန့်သတ်ခြင်းများ ပါဝင်သည်" ဟု ဖော်ပြလျက် ကြေငြာချက် တစ်ရပ်ထုတ်ပြန်ခဲ့ သည်။ ခန့်မှန်းခြေ ရိုဟင်ဂျာ မူဆလင် ၃၀၀၀၀ ခန့်သည် ဘင်္ဂလားဒေ့ရှ်၊ ထိုင်းနှင့် အခြားအာရှနိုင်ငံများရှိ ဒုက္ခသည် စခန်းများတွင် နေထိုင် နေကြသည်။

ခရစ်ယာန်အုပ်စုများမှာ ဘုရားကျောင်းသစ်များ ဆောက်လုပ်ရန်အတွက် ခွင့်ပြုချက် ရယူရာတွင် ပုံမှန်အားဖြင့် အခက်အခဲများ ဆက်လက်ကြုံတွေ့နေကြရသည်။၎င်းအပြင် လူထုအခမ်းအနားများနှင့် ပွဲတော်များ ကျင်းပခြင်းနှင့် ဘာသာရေး စာပေ အတွေး အခေါ်များ ပြည်တွင်းသို့ တင်သွင်းရာတွင်လည်း ပုံမှန်အားဖြင့် အခက်အခဲများ ဆက်လက်ကြုံတွေ့နေကြရသည်။ ချင်းပြည်နယ် အချို့နေရာများတွင် ၁၉၉၇ ခု မှ စ၍ ဘုရားကျောင်းသစ်များ ဆောက်လုပ်ရန်အတွက် ခွင့်ပြုချက်ကို အာဏာပိုင်များက ငြင်းပယ်ခဲ့သည်ဟု ဆိုသည်။ အလားတူ ကချင်ပြည်နယ်၏ မြို့တော်၊ ကရင်ပြည်နယ် အချို့နေရာများနှင့် ကရင်နီပြည်နယ် အတွင်း ကက်သလစ်နှင့် နှစ်ချင်း ခရစ်ယာန်များ အကြား တွင်လည်း အလားတူ ကန့်သတ်ချုပ်ချယ်မှုများ ပြုလုပ်ခဲ့သည်ဟုလည်း သိရသည်။ ၂၀၀၇ ခုနှစ် နှောင်းပိုင်းတွင် စစ်တပ် ဗိုလ်ချုပ်ကြီး တစ်ဦး သည် ရှမ်းပြည်နယ်တွင် ကက်သလစ် ခရစ်ယာန် အသင်းတော် ဂိုဏ်းအုပ် ဘုန်းတော်ကြီး၏ နယ်ပယ်တစ်ခုမှ မြေများကို သိမ်းယူ ခဲ့ပြီး ဘုန်းတော်ကြီး ၏အိမ်ကိုလည်း ဖျက်ဆီး ခဲ့သည်။ မည်သည့်လျော်ကြေးကိုမှ မပေးခဲ့ပေ။ ဤဒေသအားလုံးတွင် ခရစ်ယာန်များသည် တနင်္ဂနွေ ဝတ်ပြု ဆုတောင်းပွဲ ပြင်ပတွင် လူ ငါးဦးထက်ပိုသည့် မည်သည့်စုဝေးမှုအတွက် မဆို ခွင့်ပြုချက် ရယူရန် လိုအပ်သည်။ ခွင့်ပြု ချက်ကို ပုံမှန်အားဖြင့် ငြင်းပယ်လေ့ရှိသည် သို့မဟုတ် လာဘ်ထိုးခြင်းဖြင့်သာလျှင် ရရှိသည်။ ရန်ကုန်နှင့် မန္တလေးတွင် ဘုရားကျောင်းများ ပိတ်သည့် ထပ်လောင်း သတင်းပို့ချက်များကို ယမန်နှစ်က လက်ခံရရှိခဲ့သည်။

၂၀၀၉ခုနှစ် ဇန္နဝါရီလတွင် ရန်ကုန်မြို့၌ အာဏာပိုင်များက အနည်းဆုံး ဘုရားကျောင်းပေါင်း ၁၀၀ အား ဝတ်ပြုဆုတောင်းပွဲများ ကျင်းပခြင်းကို ရပ်ဆိုင်းရန် အမိန့်ပေးခဲ့ပြီး ၎င်းတို့အား ထိုသို့ပြုရန် ကတိခံဝန်ချက်ကို လက်မှတ်ရေးထိုးရန် အတင်းအကျပ် ခိုင်းစေခဲ့သည်။ ထိုအမိန့်သည် ဘုရားကျောင်းအသစ် ဆောက်လုပ်ရန် ခွင့်ပြုချက် ငြင်းပယ်ခြင်းခံရသည့်အတွက် ငှားရမ်းထား သော တိုက်ခန်းများတွင် မလွှဲမရှောင်သာ ဖွင့်လှစ်ခဲ့ရသည့် ဘုရားကျောင်းများအား လွန်စွာ သက်ရောက်ထိခိုက်စေခဲ့သည်။ ဤသို့ လုပ်ဆောင်မှုများသည် ၂၀၀၈ ခုနှစ် မေလတွင် ကျရောက်ခဲ့သည့် ဆိုက်ကလုန်း နာဂစ်အပြီး ကူညီကယ်ဆယ်ရေး လုပ်ငန်းများတွင် ၎င်းတို့က အကူအညီ ပေးခဲ့သည့်အတွက် ဒဏ်ခတ်ခံရခြင်းဖြစ်သည်ဟု အချို့သော ခရစ်ယာန်များက စိုးရိမ်ကြ သည်။ အကြောင်းမှာ အဆိုပါကာလသည် SPDC အနေဖြင့် ဘာသာရေးနှင့် တိုင်းရင်းသားလူနည်းစုများအား မဲပေးပိုင်ခွင့် ရုပ်သိမ်းရန်နှင့် ဆိုက်ကလုန်းကြောင့် ဒုက္ခရောက်ရသူများအား အကူအညီပေးနေသည့် ဘာသာရေး အသင်းအဖွဲ့များ အတင်းအကျပ် ပိတ်သိမ်းရန် လှုပ်ရှားဆောင်ရွက်ခဲ့သည်ကာလ ဖြစ်သောကြောင့်ပင်။ ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်အတွက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ မတိုင်မီတွင် အမျိုးသား ဥပဒေပြုလွှတ်တော်သည် လူနည်းစု တိုင်းရင်းသား ဘာသာရေး အုပ်စု ခေါင်းဆောင်များ၊ ပြည်တွင်း၌ နေရာရွှေ့ပြောင်းကြရသူများ(IDPs)နှင့် ရိုဟင်ဂျာ မူဆလင်များအား မဲပေးပိုင်ခွင့် ရုပ်သိမ်းလျက် ဥပဒေတစ်ရပ် ပြဋ္ဌာန်းခဲ့သည်။ ဘာသာရေးနှင့် လူနည်းစု လူ့အဖွဲ့အစည်းများသည် မြန်မာနိုင်ငံ၏ အဓိက အတိုက်အခံပါတီ အမျိုးသားဒီမိုကရေစီအဖွဲ့(NLD) အား ထောက်ခံသည့် အရေးကြီးသော မဲဆန္ဒရှင်ပြည်သူများ ဖြစ်ခဲ့ကြပြီး၊ ဆက်လက် ဖြစ်နေကြသည်။ ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်သည် SPDC အစိုးရ၏ အုပ်ချုပ်မှုကို တရားဝင်ဖြစ်အောင်လုပ်ဆောင်ရန်၊ SPDC အား ၁၉၈၈ခုနှစ်မှစ၍ ကျူးလွန်ခဲ့သည့် လူ့အခွင့်အရေး ချိုးဖောက်မှုများအားလုံးအတွက် ကင်းလွတ်သက်သာ ခွင့်ပေးရန်နှင့် NLD ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား အာဏာရလာခြင်းမှ တားမြစ်ရန် စနစ်တကျကြိုးပမ်း သောကြောင့် ၎င်းကို နိုင်ငံတကာ စောင့်ကြည့် လေ့လာသူများက ပြင်းထန်စွာ ဝေဖန်ခဲ့ကြသည်။ အခြေခံ ဥပဒေသည် "ဗုဒ္ဓဘာသာ၏ အထူးအနေအထား"ကို အသိအမှတ်ပြု သော်လည်း ၎င်းက နိုင်ငံတွင် အခြားဘာသာများ တည်ရှိမှုကိုလည်း ဂရုပြုထားပြီး အခြေခံ ဥပဒေတွင် အသိအမှတ်ပြုထားသော ဘာသာအားလုံးကို ကာကွယ်သော၊ ဘာသာရေးယုံကြည်မှု အပေါ်အခြေခံ၍ ခွဲခြားဆက်ဆံမှုကို တားမြစ်သော စာသားများပါ ဝင်သည်။ သို့ရာတွင် SPDC၏ အလွန်ဆိုးရွားလှသော လူ့အခွင့်အရေး မှတ်တမ်းများကို ထောက်ရှုလျင်၊ ၎င်းသည် အာဏာကို လက်ဝါးကြီးအုပ် ချုပ်ကိုင်နိုင်သရွေ့ ကာလပတ်လုံး ထိုကဲ့သို့သော အခြေခံ ဥပဒေပါ ပြဋ္ဌာန်းချက်များကို ထိမ်းသိမ်းရန် အလားအလာမရှိချေ။

နာဂနှင့် ချင်း လူနည်းစု တိုင်းရင်းသားများ အကြားတွင် အစိုးရနှင့် စစ်အာဏာပိုင်များက ခရစ်ယာန်များအား ဗုဒ္ဓဘာသာဝင်များအဖြစ်သို့ ကူးပြောင်းစေရန် တက်ကြွသော ကြိုးပမ်းအားထုတ်မှုများပြုလုပ်ခဲ့ကြောင်း စိတ်ချယုံကြည်ရသော သတင်းများ ရရှိသည်။ အချို့သောအဖွဲ့များက ဤသို့ဆောင်ရွက်မှုများသည် လွန်ခဲ့သည့် နှစ်တွင် လျော့နည်းသွားခဲ့သည်ဟု အစီရင်ခံသော်လည်း ပြည်တွင်း လူ့အခွင့်အရေး အဖွဲ့များက အစိုးရအနေဖြင့် ဘာသာပြောင်းရေး အားပေးတိုက်တွန်းမှုကို လုပ်ဆောင်မြဲ လုပ်ဆောင်လျက်ရှိသည်ဟု အခိုင်အမာပြောဆိုကြသည်။ ချင်းပြည်နယ်တွင် ချင်းခရစ်ယာန်အမျိုးသမီးများအား လက်ထပ်ရန် တိုင်းရင်းသား ဗမာ ဗုဒ္ဓဘာသာ စစ်သားများအား အစိုးရအာဏာပိုင်များက ငွေရေးကြေးရေးနှင့် အလုပ်အကိုင် မက်လုံးများ ပေးခဲ့သည်။ ဗုဒ္ဓဘာသာသို့ ကူးပြောင်းရန် သဘောတူသော ချင်းမိသားစုများအား ငွေကြေးနှင့် ပစ္စည်း မက်လုံးများ ပေးသည့်အပြင် အဓမ္မ လုပ်အားပေး ခိုင်းစေမှုမှ ကင်းလွတ်ခွင့်ပေးခဲ့သည်။ အစိုးရကျောင်းများတွင် ဗုဒ္ဓဘာသာ ကျောင်းသား များသာလျင် တက်ရောက်နိုင်ပြီး ကျောင်းပြီးသော အခါ ကျောင်းသားများအတွက် အလုပ်အကိုင် အာမခံချက်ပေးသည်ဟု ချင်းခရစ်ယာန်များက အခိုင်အမာပြောဆိုသည်။၂၀၀၇ခုနှစ် ဖေဖဝါရီလတွင် ချင်း သင်းအုပ်ဆရာ တစ်ဦးသည်  စစ်အာဏာ သိမ်းအစိုးရ ခေါင်းဆောင် ဗိုလ်ချုပ် သန်းရွှေထံသို့ ခရစ်ယာန်များအား နှိပ်စက်ညှဉ်းပန်းမှု အဆုံးသတ်ရန် တိုက်တွန်းလျက် စာရေးသည့်အတွက် ဖမ်းဆီးခြင်း ခံခဲ့ရသည်။ မြန်မာနိုင်ငံမှ ထွက်ခွါလာသည့် နာဂ ခရစ်ယာန်များက စစ်သားများသည် ဗုဒ္ဓဘာသာဘုန်းတော်ကြီးများနှင့်အတူ ၎င်းတို့ကျေးရွာများရှိ ဘုရားကျောင်းများကို ပိတ်ပြီး၊ ယုံကြည်သူ နောက်လိုက်နောက်ပါများအား ဗုဒ္ဓဘာသာသို့ ကူးပြောင်းရန် ကြိုးပမ်းအားထုတ်ခဲ့ကြောင်း ထပ်တလဲလဲ အစီရင်ခံသည်။

ရွှေဝါရောင်တော်လှန်ရေးကာလအတွင်း စစ်အစိုးရ၏ နှိမ်နင်းမှုပြီးနောက် မကြာမီတွင် ချမှတ်ခဲ့သော မကြုံစဖူး တညီတညွတ်တည်းဖြစ်သော ဆုံးဖြတ်ချက်တွင် ကမ္ဘာ့ကုလ သမဂ္ဂ လုံခြုံရေးကောင်စီ အဖွဲ့ဝင်များက ငြိမ်းချမ်းစွာဆန္ဒပြမှုများအား မြန်မာ စစ်အစိုးရ၏ ကြမ်းတမ်းစွာ တုန့်ပြန်မှုအား ရှုတ်ချခဲ့ကြပြီး၊ နိုင်ငံရေး အကျဉ်းသားများအား အမြန်ဆုံးလွှတ်ပေးရေးနှင့် အရပ်သား အစိုးရ အုပ်ချုပ်ရေးသို့ ကူးပြောင်းရေး ဆွေးနွေးမှုများတွင် အစိုးရပါဝင်လာစေရန် ကမ္ဘာ့ကုလ သမဂ္ဂဦးဆောင်သည့် ကြိုးပမ်း ဆောင်ရွက်မှုတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရန် တောင်းဆိုခဲ့ကြသည်။ ၂၀၀၈ ခုတွင် ကမ္ဘာ့ကုလ သမဂ္ဂ အထွေထွေ ညီလာခံက ဆက်လက်ဖြစ်ပေါ်နေသော လူ့အခွင့်အရေး ချိုးဖောက်မှုများအား ရှုတ်ချလျက် ဆုံးဖြတ်ချက်တစ်ရပ်ကို ထပ်မံချမှတ်ခဲ့ပြီး အစိုးရအား ဒီမိုကရေစီကို ပြန်လည်ထိန်းသိမ်းရန် တိုက်တွန်းခဲ့သည်။ ကမ္ဘာ့ကုလ သမဂ္ဂလူ့အခွင့်အရေး ကောင်စီကလည်း အလားတူရှုတ်ချမှုကို ၂၀၀၈ နှင့် ၂၀၀၉ ခုနှစ်များတွင် ထုတ်ပြန်ခဲ့သည်။ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးသံတမန် အီဘရာဟင် ဂမ်ဘာရီသည် ၂၀၀၆ခုနှစ်ကစ၍ မြန်မာပြည်သို့ အကြိမ်ကြိမ်သွားရောက်ကာ NLD နှင့် SPDC တာဝန်ရှိသူ များတွေ့ဆုံခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်နှင့် နှစ်ကြိမ် တွေ့ဆုံခဲ့သည်။ သို့ရာတွင် အထူးသံတမန်ကို ဝေဖန်သူများက ၎င်း၏ အထူးကိစ္စမှာ ယခုအချိန်ထိတိုင်အောင် မည်သည့် လက်ဆုပ်လက်ကိုင်ပြနိုင်သည့် အကျိုးသက်ရောက်မှုမှ မရရှိသေးကြောင်း အခိုင်အမာ ပြောဆိုကြသည်။မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး ကုလသမဂ္ဂအထူး ကိုယ်စားလှယ် ပေါ်လိုဆာဂျီအို ပင်နဲ့ရိုးသည် ၂၀၀၇ ခုနှစ်တွင်မြန်မာနိုင်ငံကို သုံးနှစ်အတွင်း ပထမဆုံးအကြိမ်နှင့် ၂၀၀၈ ခုနှစ် ဩဂုတ်လတွင် သွားရောက်လည်ပတ် ခဲ့သည်။ ထိုသို့လည်ပတ်စဉ်တွင် အစိုးရတာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့သည်။၎င်း၏ အစီရင်ခံစာက  ဆိုက်ကလုန်း နာဂစ်အပြီး ပြန်လည် ထူထောင်ရေးလုပ်ငန်းများတွင် အစိုးရ၏ ပျက်ကွက်မှုများနှင့် ၂၀၀၈ ခုမေလ ဖွဲ့စည်းပုံ အခြေခံဥပဒေ ဆန္ဒခံယူပွဲ၏ ပျော့ကွက် ဟာကွက်များကို

အသေးစိတ်ဖော်ပြခဲ့သည်။ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်း၏ စီစဉ်ပြီး ဖြစ်သည့် ခရီးစဉ် တစ်ခုကို ၂၀၀၈ ခု ဒီဇင်ဘာလတွင် ဖျက်သိမ်းခဲ့သည်။ ကုလသမဂ္ဂက ချမှတ်ခဲ့သည့် ရည်မှန်းချက်များ နှင့်ပတ်သက်၍ မြန်မာနိုင်ငံအနေဖြင့် "လက်ဆုပ်လက်ကိုင်ပြနိုင်သော တိုးတက်မှု"ရရှိပြီးမှသာ မြန်မာနိုင်ငံသို့ သွားရောက်လည်ပတ်မည်ဟု အထွေထွေ အတွင်းရေးမှူးချုပ်က ပြောဆိုခဲ့သည်။

လွန်ခဲ့သောနှစ်က ကော်မရှင် အမှုထမ်းများသည် ပြည်ပသို့ရောက်ရှိနေသည့် ဗုဒ္ဓဘာသာဝင်များ၊ ခရစ်ယာန်များနှင့် မူဆလင်များ အပါအဝင် မြန်မာ တိုင်းရင်းသားနှင့် ဘာသာရေး ခေါင်းဆောင်များ၊ မြန်မာနိုင်ငံသို့ သွားရောက်လည်ပတ်ခဲ့သည် ဥပဒေပြု လွှတ်တော် အဖွဲ့ဝင်များ၊ နိုင်ငံတကာ ကိုယ်စားလှယ်အဖွဲ့များနှင့်ဆက်လက် တွေ့ဆုံခဲ့သည်။ ၂၀၀၇ ခုနှစ် ဒီဇင်ဘာလတွင် ကော်မရှင်သည် 'ရွှေဝါရောင် တော်လှန်ရေးပြီးနောက်၊ ဘာသာရေး ဖိနှိပ်မှုများနှင့် မြန်မာနိုင်ငံနှင့် ပတ်သက်သည့် အမေရိကန် ပြည်ထောင်စု၏ မူဝါဒအတွက် ရွေးစရာများ"ဟု အမည်ပေးထားသည့် အများပြည်သူရှေ့မှောက် ကြားနာပွဲတစ်ခုကို ကျင်းပခဲ့ သည်။ ၂၀၀၈ခုနှစ် ဖေဖဝါရီလတွင် နိုင်ငံတကာ ဘာသာရေးလွတ်လပ်ခွင့် ဥပဒေပြုလွှတ်တော် အလုပ်အဖွဲ့နှင့် ဥပဒေပြု လွှတ်တော် လူ့အခွင့်အရေးအဖွဲ့ငယ်တို့က ကျင်းပသည့် "မြန်မာနိုင်ငံအကြောင်း ရှင်းလင်းပွဲ"တွင် ကော်မရှင်အဖွဲ့ဝင် နီနာ ရှီယာက ဘာသာရေးလွတ်လပ်ခွင့် စိုးရိမ်ကြောင့်ကြမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခြင်း ပြုလုပ်ခဲ့သည်။

**အမေရိကန်ပြည်ထောင်စု၏ မူဝါဒအတွက် အကြံပြုချက်များ**

မြန်မာနိုင်ငံနှင့်ပတ်သက်သည့် အမေရိကန်ပြည်ထောင်စု၏ မူဝါဒများကို ပြန်လည်သုံးသပ်နေသည်ဟု နိုင်ငံခြားရေးဝန်ကြီး ဟယ်လာရီ ကလင်တန်က ပြောဆိုခဲ့သည်။ တိုင်းရင်းသားနှင့် ဘာသာရေးလူနည်းစုများအား ဖိနှိပ်ခြင်း၊ ဘာသာရေး လွတ်လပ်ခွင့်နှင့် ဆက်နွယ်နေသော လူ့အခွင့်အရေး ချိုးဖောက်မှုများကို ပြင်းထန်စွာ ကန့်သတ်ချုပ်ချယ်ခြင်း၊ ဗုဒ္ဓဘာသာ ရဟန်းတော်များနှင့် အခြား ငြိမ်းချမ်းသော အစိုးရနှင့် သဘောထား ကွဲလွဲသူများအား ထောင်သွင်းအကျဉ်းချထားခြင်း တို့သည် အလွန်အရေးပါသော စိုးရိမ်စရာများဖြစ်ပြီး၊ အမေရိကန် ခေါင်းဆောင်များ၊ ဒေသဆိုင်ရာနှင့် ဥရောပမဟာမိတ်များနှင့် ကမ္ဘာ့ကုလ သမဂ္ဂတို့ ပူးပေါင်းဆောင်ရွက်မှုကို လိုအပ်သည်။ ၎င်းအပြင် မြန်မာနိုင်ငံအား CPC နိုင်ငံအဖြစ် သတ်မှတ်ရန် အကြံပြု သည့်အပြင် ကော်မရှင်အနေဖြင့် မြန်မာနိုင်ငံဆိုင်ရာ မူဝါဒ ပြန်လည် သုံးသပ် မှု၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့် အမေရိကန် အစိုးရသည် အောက်ပါတို့ကို လုပ်ဆောင်သင့်သည်။

**I. အမေရိကန်၏ မြန်မာနိုင်ငံဆိုင်ရာ မူဝါဒ ညှိနှိုင်းဆောင်ရွက်မှုကို အမေရိကန်နှင့် အမေရိကန်၏ မဟာမိတ်များနှစ်ခုလုံးအတွင်း ပိုမိုနိုင်မာအားကောင်းအောင် ပြုလုပ်သင့်သည်။**

- နှစ်ဦးနှစ်ဖက်နှင့် ဘက်ပေါင်းစုံပါဝင်သော သံတမန်ရေးကြိုးပမ်းမှုကို ညှိနှိုင်းဆောင်ရွက်ပြီး မြန်မာနိုင်ငံတွင် နိုင်ငံရေး ရင်ကြားစေ့ရေးနှင့် ဒီမိုကရေစီဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ဖြစ်ပေါ်လာစေရန် အမေရိကန် အစိုးရ၏ ကိုယ်စားလှယ် အဖြစ် ထမ်းရွက်ရန် မြန်မာနိုင်ငံဆိုင်ရာ အထူး သံတမန်ကို သံအမတ်ကြီးအဆင့်ဖြင့် ခန့်အပ်သင့်သည်။

- ပိတ်ဆို့မှုများ၊ လူသားချင်းစာနာထောက်ထားရေးအကူအညီ၊ ဒီမိုကရေစီမြှင့်တင့်ရေး၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ လူမှောင် ခိုကူးမှုနှင့် ဘာသာရေးလွတ်လပ်ခွင့်နှင့် ဆက်နွယ်နေသော လူ့အခွင့်အရေးများ အပါအဝင် အခြား မူဝါဒ ဆိုင်ရာ ရည်ရွယ် ချက်များ အကောင်အထည်ဖော်ရေးအပါအဝင် မြန်မာနိုင်ငံဆိုင်ရာ မူဝါဒနှင့် အရေးယူဆောင်ရွက်မှု များကို အမေရိကန်အစိုးရ တစ်ခုလုံးတွင် ညှိနှိုင်းဆွေးနွေးရန် အမျိုးသားလုံခြုံရေးကောင်စီ(NSC)တွင် အဖွဲ့အစည်း များပါဝင်သည့် အဆင့်မြင့် အရာ ရှိကြီးတစ်ဦးပါဝင်သော မြန်မာနိုင်ငံဆိုင်ရာ အလုပ်အဖွဲ့တစ်ခု ဖန်တီးသင့်သည်။

- စီးပွားရေးနှင့်နိုင်ငံရေး ပိတ်ဆို့ အရေးယူမှုများကို အဆုံးသတ်စေရန် အလို့ငှာ မြန်မာနိုင်ငံအနေဖြင့် လုပ်ဆောင်သင့် သည့် ခိုင်လုံ သောအဆင့်များကို ပုံကြမ်းဖော်ပြထားသည့် လမ်းပြမြေပုံတစ်ခု တည်ဆောက်ရန်အတွက် ပျက်သုန်းလုနီး ပါးဖြစ်နေသော ဗန် ကောက် လုပ်ငန်းစဉ်ကို အစားထိုးနိုင်ရန် အာရှရှိ ဒီမိုကရေစီနိုင်ငံများ ညွန်းပေါင်းအဖွဲ့ကို စုစည်း တည်ထောင်သင့်သည်။ လူသားချင်းစာနာထောက်ထားရေးနှင့် လူ့အခွင့်အရေးများဖောက်ဖျက်မှုများ၊ နိုင်ငံရေးနှင့် ဘာသာရေးအကျဉ်းသားများအား လွှတ်ပေးရေး၊ ဒုက္ခသည်များအတွက် ခိုင်မြဲသော ဖြေရှင်းချက်တစ်ရပ်နှင့် အရပ်သား အုပ်ချုပ်ရေးသို့ ကူးပြောင်းရေးအပါအဝင် စိုးရိမ်ရသည့် ကိစ္စရပ်များနှင့်ပတ်သက်၍ မြန်မာ့ ထိပ်တန်းခေါင်းဆောင်များ နှင့် ဆက်သွယ်ဆောင်ရွက်သင့်သည်။

**II. ကမ္ဘာ့ကုလသမဂ္ဂနှင့် အခြားဘက်ပေါင်းစုံပါဝင်သည့် သံတမန်ရေးရာ ကြိုးပမ်းအားထုတ်မှုများကို ကူညီထောက်ပံ့သင့်သည်။**

- မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထူးသံတမန်နှင့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ်များအတွက် ပြည့် ပြည့်ဝဝနှင့် ဟန့်တားမှုမရှိသော ဝင်ရောက်ခွင့်ရရှိရေး အပါအဝင် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်အား

မြန်မာအာဏာပိုင်များနှင့် အပြန်အလှန်ဆက်သွယ်လုပ်ဆောင်မှုအတွက် ရှင်းလင်းပြတ်သားသည့် အခွင့်အာဏာ ပေးထားသော မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အသစ်အပေါ်တွင် အရေးယူဆောင် ရွက်မှု စတင်ပြုလုပ်ရန်၊ မြန်မာအစိုးရအနေဖြင့် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံးကို ချက်ချင်း၊ချွင်းချက်မရှိ လွှတ်မပေးလျင် ဖြစ်ပေါ်လာမည့် အကျိုးဆက်များပါဝင်သည့် မြန်မာအစိုးရအတွက် ရှင်းလင်း ပြတ်သားသည့် အချိန်ဇယား၊ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး၏ မြန်မာနိုင်ငံတွင်း ကုလသမဂ္ဂ စောင့်ကြည့်စစ်ဆေးရေး အထူးအဖွဲ့တစ်ခု တည်ထောင်ရေး၊ အရပ်သားအုပ်ချုပ်ရေး ဆီသို့ ငြိမ်းချမ်းစွာ စနစ်တကျ ကူးပြောင်းမှု သေချာစေရန် လုပ်ဆောင်ခြင်း။

- အတိုက်အခံနိုင်ငံရေး ခေါင်းဆောင်၊ အကျဉ်းကျနေသူများ၊ သီးခြားလွတ်လပ်သော လူ့အခွင့်အရေး စောင့်ကြည့်မှတ် တမ်းတင်သူများနှင့် မြန်မာနိုင်ငံ တစ်ဝှန်းလုံးရှိ လူသားချင်းစာနာထောက်ထားရေးဆိုင်ရာ အကူအညီပေးရေး အဖွဲ့ အစည်းများအား  ကန့်သတ်ချုပ်ချယ်မှုမရှိသည့်  တွေ့ဆုံခွင့် အပါအဝင် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထူး သံတမန်နှင့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထူး  ကိုယ်စားလှယ်များ၏ အထူးတာဝန်ကို အထောက်အကူ ပြုသင့် သည်။

- ဘာသာရေးနှင့် ယုံကြည်မှု လွတ်လပ်ခွင့်ဆိုင်ရာ ကုလသမဂ္ဂ အထူး ကိုယ်စားလှယ်အနေဖြင့် ဘာသာရေး လူ့အဖွဲ့ အစည်းများနှင့် ဘာသာရေးလွတ်လပ်ခွင့် ချိုးဖောက်ခံရသည်ဟု သတင်းများရရှိသည့် နေရာဒေသများသို့ ကန့်သတ် ချုပ်ချယ်မှုမရှိသည့်  သွားရောက် တွေ့ဆုံခွင့်ရရှိသော ချက်ချင်းသွားရောက်လည်ပတ်မှုအတွက် မြန်မာနိုင်ငံသို့ ဝင်ရောက်ခွင့်ရရှိရေးကြိုးပမ်းသင့်သည်။

- တိုင်းရင်းသား လူနည်းစုများအား အကာအကွယ်ပေးရေးနှင့် ဒုက္ခသည်ကိစ္စရပ်များ အပါအဝင် မြန်မာနိုင်ငံနှင့် ပတ်သက်သည့် စိမ်းရိမ်ရသည့် အခြား ကိစ္စရပ်များကို ဆွေးနွေးရန် သုံးပွင့်ဆိုင်ဗဟိုအဖွဲ့အား ပိုမိုတိုးချဲ့ရန်အတွက် အာဆီယံ အဖွဲ့ကို တိုက်တွန်းသင့်သည်။

**III. စိုးရိမ်ရသည့် အခြား ကိစ္စရပ်များကို ဖြေရှင်းရန် အတွက် မြန်မာအစိုးရအားတိုက်တွန်းရန်  မြန်မာအစိုးရအပြင် မြန်မာနိုင်ငံ၏ အနီးစပ်ဆုံး မဟာမိတ်များနှင့် ထိတွေ့ဆက်ဆံသင့်သည်။**

- ယခုတိုင်ထိန်းသိမ်းထားခြင်း ခံနေရသော၊ ပျောက်ဆုံးနေသောသူများ ရှိနေသည့်နေရာကို ဖော်ထုတ်ခြင်း၊ ၂၀၀၈ခု သြဂုတ်နှင့် စက်တင်ဘာလအတွင်းက ငြိမ်းချမ်းစွာ ဆန္ဒပြမှုများတွင် ဦးဆောင်ခဲ့ကြသော သို့မဟုတ် ပါဝင်ခဲ့ကြသော ဗုဒ္ဓဘာသာ ရဟန်းတော်များနှင့် အခြား ပုဂ္ဂိုလ်များ အပါအဝင်၊ ဘာသာရေးလွတ်လပ်ခွင့်နှင့် ဆက်နွယ်နေသော လူ့အခွင့်အရေးကို ငြိမ်းချမ်းစွာ ကျင့်သုံးခြင်းအတွက် ထိန်းသိမ်းခြင်း သို့မဟုတ် ဖမ်းဆီးခြင်းခံထားရသူအားလုံးကို လွှတ်ပေးသင့်သည်။

- အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်၏ ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နှင့် အခြားနိုင်ငံရေး အကျဉ်းသားများအား လွှတ်ပေး သင့်သည်။ ငြိမ်းချမ်းသော၊ အချိန်ကန့်သတ်ထားသော၊ စောင့်ကြည့်လေ့လာမှတ်ထားသည့် အရပ်သားအုပ်ချုပ်ရေး ဆီသို့ ဦးတည်သွားစေမည့် တွေ့ဆုံဆွေးနွေးပွဲ တစ်ခုတွင် NLD ၊ တိုင်းရင်းသား လူနည်းစုခေါင်းဆောင်များနှင့် တိုက်ရိုက် ထိတွေ့ဆက်ဆံရန် တိုက်တွန်းလျက်။

- ဘုရားကျောင်းများ၊ ဗလီများအား အတင်းအကျပ် ပိတ်ခြင်း၊ ဘာသာရေးဆိုင်ရာ ဗိမာန်များနှင့် သင်္ကေတများကို ဖျက်ဆီးခြင်း၊ မူဆလင်များအပေါ် လူထုအကြမ်းဖက်မှုကို သွေးထိုးလှုံ့ဆော်ခြင်း၊ ဗုဒ္ဓဘာသာအား အတင်း အကျပ် မြှင့်တင်ခြင်း၊ တိုင်းရင်းသား လူနည်းစုများအကြား အခြားဘာသာများကို စွန့်လွှတ်ခြင်းနှင့် ဗုဒ္ဓ ဘာသာဝင်မဟုတ် သည့်  လူနည်းစုများအပေါ်တွင် ခွဲခြားဆက်ဆံမှုများ အဆုံးသတ်သင့်သည်။

- ဘုရားကျောင်းများနှင့် ဗလီများအား တည်ဆောက်ခြင်းနှင့် ပြုပြင်မွမ်းမံခြင်း၊ နိုင်ငံတကာ စံချိန်စံနှုန်းများနှင့် ကိုက်ညီ သည့် ဘာသာရေးဆိုင်စာပေများ ပုံနှိပ်ခြင်းများအပေါ် ကန့်သတ်ချုပ်ချယ်မှုများ အားလုံးကို ရုပ်သိမ်းသင့်သည်။ ဗလီများ၊ ဘုရားကျောင်းများ၊ ဘာသာရေးအရ စုဝေးတွေ့ဆုံရာနေရာများ၊ ကျောင်းများနှင့် ယဉ်ကျေးမှု ဗဟိုဌာနများ အပါအဝင် မူဆလင်နှင့် ခရစ်ယာန် အိမ်ခြံမြေများမှ နှင်ထုတ်ခြင်း၊ သိမ်းယူခြင်းနှင့် ဖျက်ဆီးခြင်းများကို ရပ်တန့်ရမည်။

- အဓမ္မလုပ်အားပေးခိုင်းစေမှုကို အသုံးပြုခြင်းနှင့် ကလေးများနှင့် လူနည်းစု ဘာသာရေးအဖွဲ့ဝင်များအား အထမ်းသမား သို့မဟုတ် စစ်အလုပ်သမားအဖြစ် အသုံးပြုခြင်းကို အဆုံးသတ်သင့်သည်။  SPDC တာဝန်ရှိသူများနှင့် တပ်မှူးများ အား အရေးပေါ် အခြေအနေမှလွဲ၍ အရပ်သားပြည်သူများအား အတင်းအကျပ် အလုပ်စေခိုင်းမှုမှ ရှောင်ကြဉ်ရန် ညွှန်ကြားထားသည့်  အစိုးရ

ကိုယ်တိုင် ထုတ်ပြန်ထားသည့် အမိန့်အမှတ် ၁/၉၉(၁၉၉၉ ခု မေလ) နှင့် ၁/၉၉ ကို ဖြည့်စွက်သည့် အမိန့် (၂၀၀၀ ခုနှစ် နိုဝင်ဘာလ) တို့ကို တက်ကြွစွာ လိုက်နာအောင် ဆောင်ရွက်ရန်။

- မြေယာအသုံးပြုခြင်း၊ ပညာရေး၊ မြေယာခွဲဝေပေးခြင်း၊ အလုပ်အကိုင် ရာထူးတိုးမြှင့်ခြင်း၊ အစိုးရဝန်ဆောင်မှုများ အား ရယူ သုံးစွဲခြင်း၊ ထိမ်းမြားလက်ထပ်ခြင်း၊ လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်တို့တွင် ဘာသာရေးကို အခြေခံလျက် ခွဲခြား ဆက်ဆံသည့် မူဝါဒများကို အဆုံးသတ်ရန်နှင့် ဤကိစ္စများနှင့် ပတ်သက်၍ နိုင်ငံတကာ ဥပဒေ စံချိန်စံညွှန်း များနှင့် ကိုက်ညီသည့် ဥပဒေများ ကူညီရေးဆွဲပေးမည့် နိုင်ငံတကာ နည်းပညာ အထောက်အကူများကို ဖိတ်ခေါ်ရေး။

- ဘာသာရေး အုပ်စုများနှင့် အဖွဲ့အစည်းများအား လူသားချင်းစာနာထောက်ထားရေးနှင့် ပြန်လည်တည်ဆောက်ရေး အကူ အညီများကို ဆိုက်ကလုန်း နာဂစ်နောက်ပိုင်း ဒုက္ခရောက်နေရသေးသူများအပါအဝင် သဘာဝ ဘေးအန္တရာယ် ကြောင့် ဒုက္ခရောက်ရသူများအား ပေးခွင့်ပြုသင်သည်။ ၎င်းတို့အား ကမ္ဘာ့ကုလ သမဂ္ဂ၊ သုံးပွင့်ဆိုင်ဗဟိုအဖွဲ့နှင့် အခြား နိုင်ငံတကာ အလှူရှင်များနှင့်အတူ ပွင့်ပွင့်လင်းလင်း လုပ်ကိုင်ဆောင်ရွက်ခွင့်ပေးလျက်။

- မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေနှင့်ပတ်သက်သည့် ကမ္ဘာ့ကုလ သမဂ္ဂအထွေထွေညီလာခံ ဆုံးဖြတ်ချက် A/C.3/60/L.53 ၏ အကြံပြုချက်များနှင့်အညီ လိုက်နာရေးအတွက် ဖိအားပေးပါ။ ၂၀၀၅ခု နိုဝင်ဘာလတွင် အတည်ပြု ခဲ့သည့် အဆိုပါ ဆုံးဖြတ်ချက်တွင် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ်နှင့် အထွေ ထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထူးသံတမန်နှစ်ဦးစလုံးအား ဟန့်တားမှုမရှိသော ဝင်ရောက်ခွင့် ပေးရေးပါဝင်သည်။

- အများပြည်သူနှင့် နိုင်ငံရေး အခွင့်အရေးများဆိုင်ရာ နိုင်ငံတကာ ပဋိညာဉ်စာချုပ် အပါအဝင် အဓိကကျသော နိုင်ငံတကာ လူ့အခွင့်အရေး စာချုပ်စာတမ်းများအား အတည်ပြု လက်မှတ်ရေးထိုးပါ။

## IV. ပြည်တွင်း ဒီမိုကရေစီရေး ကြိုးပမ်းအားထုတ်မှုများကို ထောက်ခံအားပေးပါ

- လူသားချင်းစာနာထောက်ထားရေး အကူအညီများ စုစည်းနေကြသော၊ လူ့အခွင့်အရေး မှတ်တမ်းတင်ခြင်း ကြိုးပမ်း အားထုတ် မှုများ(အထူးသဖြင့် မူဆလင်များနှင့် ဗုဒ္ဓဘာသာ လူ့အဖွဲ့အစည်းများ ကြုံတွေ့နေရသည့် ဘာသာရေး လွတ်လပ်ခွင့် ချိုးဖောက် မှုများ) လုပ်ဆောင်နေကြသော၊ အများပြည်သူများဘက်မှ ထောက်ခံပြောဆိုမှု၊ ခေါင်းဆောင် မှုနှင့် မြန်မာနိုင်ငံ ပြည်တွင်း ပြည်ပ တွင်နေထိုင်နေကြသည့် မြန်မာပြည်သူများအား ဥပဒေရေးရာသင်တန်းများ ပေးနေ သည့် မြန်မာ့ လူထု လူအဖွဲ့အစည်း အုပ်စု များအား ပိုမိုလုပ်ပိုင်ခွင့်ပေးရန်အတွက်  နိုင်ငံခြားရေး ဝန်ကြီးဌာန၏ စီးပွားရေး ထောက်ပံ့မှု ရံပုံငွေ (ESF) နှင့် အခြားသော နည်းလမ်းများအာလုံး မှတဆင့် အကူအညီများ ဆက်လက်ပေးပါ။